ဧကန်စင်စစ် ဂျန္နတ်သုခဘုံ၌ မုအ်မင်န်ယုံကြည်သူ အတွက်အတွင်း၌ဟောင်းလောင်းပေါက်ဖြစ်နေသော

ပုလဲတစ်လုံးတည်းဖြင့် ပြုလုပ်ထားသည့် ရွက်ဖျင်တဲကြီးတစ်ခုရှိမည်။ ၎င်း၏အလျားမှာ မိုင်(၆၀) ရှည်လျားသည်။ထို ရွက်ဖျင်တဲအတွင်း၌ မုအ်မင်န်ယုံကြည်သူအတွက်

ဇနီးများရှိကြပြီး မုအ်မင်န်ယုံကြည်သူသည် သူတို့ထံလှည့်လည်သွားလာနေသော်လည်း ၎င်းတို့အချင်းချင်း

အပြန်အလှန်မြင်ကြရမည်မဟုတ်ပေ။

အဘူမူစာ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "ဧကန်စင်စစ်
ဂျန္နတ်သုခဘုံ၌ မုအ်မင်န်ယုံကြည်သူ အတွက် အတွင်း၌ဟောင်းလောင်းပေါက်ဖြစ်နေသော
ပုလဲတစ်လုံးတည်းဖြင့် ပြုလုပ်ထားသည့် ရွက်ဖျင်တဲကြီး တစ်ခုရှိမည်။
၎င်း၏အလျားမှာ မိုင်(၆၀) ရှည်လျားသည်။ ထို ရွက်ဖျင်တဲအတွင်း၌
မုအ်မင်န်ယုံကြည်သူအတွက် ဇနီးများရှိကြပြီး မုအ်မင်န်ယုံကြည်သူသည် သူတို့ထံ
လှည့်လည်သွားလာနေသော်လည်း ၎င်းတို့အချင်းချင်း အပြန်အလှန်မြင်ကြရမည်မဟုတ်ပေ။" [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ဂျန္နတ်သုခဘုံ၏နိအ်မသ်စည်းစိမ်အချို့ကို သတင်းပေးတော်မူခဲ့သည်။ ဂျန္နတ်သုခဘုံ၌မုအ်မင်န်ယုံကြည်သူအတွက် အလွန်ကျယ်ဝန်း၍ အတွင်း၌ဟောင်းလောင်းပေါက်ဖြစ်နေသောပုလဲတစ်လုံးတည်းနှင့် ဖန်တီးထားသည့် ကြီးကျယ်ခမ်းနားသော ရွက်ဖျင်တဲကြီးတစ်ခုရှိမည်။ မိုးကောင်းကင်၌ ထိုတဲ၏ အလျားနှင့်အနံမှာ မိုင်(၆၀) ရှိသည်။ တဲ၏လေးထောင့်တိုင်း၊ အရပ်မျက်နှာအရပ်ရှိ နေရာတိုင်း၌ ဇနီးများ ရှိကြပြီး ၎င်းတို့သည်အချင်း ချင်းမမြင်ရကြပေ။ မုအ်မင်န်ယုံကြည်သူသည် ၎င်းတို့ထံလှည့်လည်သွားလာနေမည်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/8349